## ၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

**[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]**
**(၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၃၁၇ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ် ရမည်။

၂။ ။ ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၉-က တွင် —

(က) " အမှုဆောင်ကော်မတီ" ဆိုသည့်စကားရပ်ကို ဘေးမှတ်ချက်အဖြစ် ထည့်သွင်းရမည်။ ထို့ပြင်

(ခ) "မိမိတို့အထဲမှ အမှုဆောင်ကော်မတီအဖွဲ့ဝင် အနည်းဆုံး ၅ ဦး" ဆိုသည့် စကားရပ်အစား၊ "မိမိတို့အထဲမှ အဖွဲ့ဝင် အနည်းဆုံး ၅ ဦး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

◆ ◆ ◆ ◆ ◆

* ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ထုတ်ပြန်သည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်၊ စာမျက်နှာ-၁၅၀၃။

- ဤအက်ဥပဒေသည် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ပြည်နယ်များမှအပ နိုင်ငံတော်ရှိ ကျန်နယ်မြေများအားလုံးတွင် စတင်အာဏာတည်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ (၂၇-၁၀-၅၅) ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၄၂၈။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ- ၁၈၂၃။